ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့ (19-10-2010) (၆၅၅၆)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ရွေးကောက်ပွဲဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ စည်းရုံးလှုပ်ရှားမှုများပြုနိုင်ရန် ကြေညာချက်၊ ညွှန်ကြားချက်များ ထုတ်ပြန်လျက် အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုပေးလျက်ရှိ။**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)



# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ လွှတ်တော်အသီးသီးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းကြသူများအနက် စိစစ်ပြီးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀၀၀ ကျော်ရှိ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် မည်သည့်ပါတီ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်းမရှိ

နေပြည်တော် အောက်တိုဘာ ၁၈

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းစာဆရာများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများအား ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ရှင်းလင်းခြင်းနှင့် ဆန္ဒမဲပေးမှုသရုပ်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်နှင့် မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဥပစာရှိ မြက်ခင်းပြင်၌ ဆန္ဒမဲပေးမှု သရုပ်ပြကြစဉ်။ (သတင်းစဉ်)

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ၂၀၁၀ခုနှစ် မတ် ၈ ရက်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်(၁၇)ဦးပါသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ၂၀၁၀ ခုနှစ် မတ် ၁၁ ရက်တွင် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၈ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့် (၁၂)ရပ်မှ အဓိကလုပ်ငန်းတာဝန်(၂)ရပ် ဖြစ်သည့် လွတ်လပ်၍ တရားမျှတသော လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

ကြေးမုံ The Mirror
၁၉-၁၀-၂၀၁၀
(အင်္ဂါနေ့)

## စားနပ်ရိက္ခာဖူလုံပိုလျှံရေး ဆက်လက်ကြိုးပမ်း

ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်လာမှု၊ စားနပ်ရိက္ခာဈေးနှုန်းများ မြင့်မားလာမှုနှင့် ငွေကြေးပြဿနာများကြောင့် ကမ္ဘာ့လူဦးရေ တစ်ဘီလီယံခန့် ငတ်မွတ်မှုဘေးဒဏ်ခံစားနေရသည်။ နှစ်စဉ်တိုးပွားလာသည့် လူဦးရေအတွက် စားနပ်ရိက္ခာလုံလောက်မှုရှိရေး တိုးတက်ထုတ်လုပ်ကြရမည်ဖြစ်သည်။

စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်ရာတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေများ ပိုမိုသုံးစွဲရန် လိုအပ်လာမည်ဖြစ်သည်။ ယင်းသို့ သုံးစွဲကြခြင်းဖြင့် မြေဆီလွှာနှင့် ရေအရင်းအမြစ်များ ထိခိုက်မှုမရှိစေရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ ရေရှည်တည်တံ့စေရေး စနစ်တကျလုပ်ကိုင်ကြရမည်ဖြစ်သည်။ အဓိကစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအနေဖြင့် မှန်ကန်သည့်နည်းပညာများ၊ မူဝါဒများ၊ သဘာဝနှင့် လိုက်လျောညီထွေဖြစ်သည့် နည်းလမ်းများကို သိရှိနေစေရေး ကြိုးပမ်းကြရန် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက တိုက်တွန်းထားသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို ရည်မှန်းချမှတ်ထားသည်။ လယ်ယာကဏ္ဍတွင် အဓိကလုပ်ကိုင်နေကြသူ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးကို အလေးထားကြိုးပမ်းလျက်ရှိသည်။ ဆန်စပါးထွက်ရှိမှုသည် ပြည်သူများ၏ ပြည်တွင်းစားနပ်ရိက္ခာကို ဖူလုံစွာဖြည့်ဆည်းပေးနိုင်နေပြီ။ ပိုလျှံသည်များမှာ ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်အတွက် အထောက်အကူပြုလျက်ရှိသည်။

မြန်မာနိုင်ငံ၌ သီးနှံစိုက်ဧရိယာ ဟက်တာ ၂၂ သန်းကျော်ရှိသည်။ ပင်မရိက္ခာ သီးနှံဆန်စပါးတစ်မျိုးတည်း စိုက်ပျိုးဧရိယာ ဟက်တာရှစ်သန်းကျော်ပြီး ဆန်တန်ချိန် သန်း၂၀ ဝန်းကျင် ထုတ်လုပ်ပေးနေသည်။ အခြေခံစားကုန်များဖြစ်သည့် ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံများ၏ ထုတ်လုပ်မှုမှာလည်း ပြည်တွင်း စားသုံးမှုအတွက် ပြည့်စုံလုံလောက်မှုရှိသည်။

ထို့အပြင် သားငါးကဏ္ဍတွင်လည်း တိုင်းပြည်၏အသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ခုနစ်ရာခိုင်နှုန်းကျော်ရှိသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းများ၌ ခေတ်မီနည်းပညာများ အသုံးပြုပြီး မျိုးကောင်းမျိုးသန့်များ တိုးမြှင့်မွေးမြူထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ တစ်ဖက်မှလည်း ရာသီဥတုညီညွတ်မျှတရေး အထောက်အကူပြု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လျက်ရှိရာ သစ်တောများရေရှည်တည်တံ့စေရေး ဟန်ချက်ညီညီ ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ သီးနှံထုတ်လုပ်မှုတိုးတက်ရေးကို ရှေးရှုကြိုးပမ်းနေသည်။ စိုက်ပျိုးရေအတွက် ဆည်တမံနှင့် ရေထိန်းတံခါးပေါင်း နှစ်ရာကျော်၊ မြစ်ရေတင်လုပ်ငန်း သုံးရာကျော်နှင့် မြေအောက်ရေတွင်းပေါင်း ရှစ်ထောင်ကျော် တည်ဆောက် ဖန်တီးပေးထားပြီ။ သီးနှံစိုက်ဧရိယာ ဟက်တာ တစ်သန်းကျော်ကို ရေပေးသွင်းနိုင်နေပြီ။ သို့ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍမှ အောင်မြင်မှုရရှိနေသည့် အခြေအနေကောင်းများ၊ သားငါးနှင့် သစ်တောကဏ္ဍမှ အခြေခံကောင်းများကို စနစ်တကျရယူအသုံးပြုကြိုးပမ်းရင်း စားနပ်ရိက္ခာ ပိုမိုထွက်ရှိရေး ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။



ရန်ကုန်မြို့နေ ကိုကျော်ကျော် (ကျော်ကျော်-စက်မှုတက္ကသိုလ်) - မဆွေဇင်ဖြူဝင်း မိသားစုက သားလေး ကောင်းသန့်ကျော်(ခ) ဖိုးသား၏ မွေးနေ့အလှူအဖြစ် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရန်အတွက် ငွေကျပ် သုံးသိန်းကို အောက်တိုဘာ ၁၅ ရက်က ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဒေါက်တာ တင်သိန်းလွင်ထံ ပေးအပ်လှူဒါန်း စဉ်။ (သတင်းစဉ်)



၁၉၈၂-၈၅ ခုနှစ် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်တိုဘာ ၁၆ ရက်က Western Park-II ၌ ကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (ကြေးမုံ)

### ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၈

**ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် အောက်တိုဘာ ၁၁ ရက်တွင် ပုသိမ် - မုံရွာလမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ အင်္ဂပူမြို့နယ် ဘွက်ကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးကြီးကြပ်မှု စခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက မြို့နယ်၏ မိုးစပါးလျာထားစိုက်ပျိုးပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးသည် မြေဩဇာကြွပက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား တွေ့ဆုံ၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် အောက်တိုဘာ ၁၂ ရက်တွင် ဟင်္သာတတပ်နယ် နယ်မြေခံတပ်၌ ကျင်းပသော တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပူဖောင်းကို သေနတ်ဖြင့်ပစ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တိုက်ကြီး-ဖူးကြီး-ဖောင်ကြီး-ပဲခူးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၈

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် အောက်တိုဘာ ၁၇ရက် နံနက်ပိုင်းတွင် တိုက်ကြီး-ဖူးကြီး-ဖောင်ကြီး-ပဲခူးလမ်း၌ ကျောက်များခင်းကြိတ်ပြီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ် (၀/၅)နှင့် (၀/၆)ကြား၌ တာဂွချောင်းတံတားတည်ဆောက်နေမှု အခြေအနေနှင့် မိုင်တိုင်အမှတ်(၁/၅)နှင့် (၁/၆)ကြား၌ တည်ဆောက်ထားသော ဂျိုးဖြူပိုက်ကျော်တံတား ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် မိုင်တိုင်အမှတ် (၂/၇)ရှိ လမ်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာချုပ်နှင့် တာဝန်ခံအင်ဂျင်နီယာများက လမ်း၊ တံတားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားကာ မိုင်တိုင်အမှတ် (၈/၂)၌ လိပ်ကြည်တံတား တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ယင်းနောက် မိုင်တိုင်အမှတ် (၉/၀) တွင် (Camber Board) လျှောစောင်းချိန်ကိုက်တံနှင့် ရေချိန်အသုံးပြု၍ လမ်းအင်္ဂါရပ် ပြည့်မီစေရန် လမ်းခင်းကြိတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းတာဝန်ခံအင်ဂျင်နီယာများအား လမ်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



### ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ တိုက်ကြီး-ဖူးကြီး - ဖောင်ကြီး - ပဲခူးလမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲများနှင့် လုပ်ငန်းညှိနှိုင်း

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံဦးမြင့်နိုင်နှင့် မန္တလေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မန္တလေးခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၁ရက် နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွဋ်နှင့် ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက မိမိတို့တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ဖွင့်လှစ်မည်

**နေပြည်တော် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၂၃ရက်တွင် ကျရောက်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အများပြည်သူရုံးပိတ်ရက်တွင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် အထူးအစီအစဉ်များဖြစ်သည့် မျက်လှည့်ပညာရှင်များ၏ အထူးမျက်လှည့်ပြပွဲများ၊ အမျိုးသမီး ခြင်းစွမ်းရည်ပြပွဲနှင့် တိရစ္ဆာန်လိမ္မာပြပွဲများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





### အမှာစကားပြောကြား

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်ကော်မတီများ အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်ကော်မတီများအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၁၈

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာရှိ ရတနာသီရိဂေါက်ကလပ်ခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်ကော်မတီများ အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။**

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးက စက်မှုဇုန်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်မှုဇုန်ကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ယခင်လ အစည်းအဝေးမှတ်တမ်းမှ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်တင်ငွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ စာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခွဲခန့် ကြာမြင့်ခဲ့သည်။

အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများနှင့် ဒီပလိုမာ စာရင်းကိုင်သင်တန်းတို့ကိုလည်း နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## Solar Project တပ်ဆင်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မုတ္တမကမ်းလွန်ဒေသ၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ချုပ်ဆိုလုပ်ကိုင်နေသော ထိုင်းနိုင်ငံ PTTEP International Limited တို့ပူးပေါင်း၍ လူမှုစီးပွားရေးအစီအစဉ်အရ Electric Power Generation by Solar Project တပ်ဆင်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် တောင်လည်ကျေးရွာ၌ ကျင်းပသည်။**

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး၊ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ PTTEP International Limited Senior Vice President, Mr. Prapat Soponpong Pipat နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးက ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး PTTEP International Limited, Resident Manager က ပေးအပ်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တောင်လည်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် ကျေးရွာကျန်းမာရေးအရာရှိတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး PTTEP International Limited က ကျောင်းအုပ်ဆရာကြီးထံ လှူဒါန်းမှု အထိမ်းအမှတ် Contribution Board ကို ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးနှင့် ကျေးရွာကျန်းမာရေးအရာရှိတို့က PTTEP International Limited သို့ ကျေးဇူးတင် ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။



ပေါက်ခေါင်းမြို့နယ် တောင်လည်ကျေးရွာသို့ ပေးအပ်လှူဒါန်းခဲ့သော Electric Power Generation by Solar သည် အခြေခံပညာအထက်တန်းကျောင်းနှင့် တိုက်နယ်ဆေးရုံတို့၌ နေစွမ်းအားမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်အသုံးပြုရန်ဖြစ်ပြီး ယင်းသို့ လှူဒါန်းခြင်းကြောင့်အခြေခံပညာအထက်တန်းကျောင်းနှင့် တိုက်နယ်ဆေးရုံတို့၌ ၂၄ နာရီ နေစွမ်းအားမှ လျှပ်စစ်ဓာတ်အား ရရှိနေပြီဖြစ်ရာ ကျေးရွာ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့ကို များစွာ အထောက်အကူဖြစ်စေကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး ပေါက်ခေါင်းမြို့နယ် တောင်လည်ကျေးရွာ၌ကျင်းပသည့် Electric Power Generation by Solar Project တပ်ဆင်လွှဲပြောင်းပေးအပ်ပွဲတွင် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၁၈**

'ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးအတွက် အရပ်ပုပြီး ပြင်သစ်စကားမတတ်သူလို့ဆိုတဲ့ ပြင်သစ်သံအမတ်ကြီးကို ဖြတ်ထိုးဉာဏ်နဲ့ ဖြေရှင်းခဲ့တဲ့ မြန်မာနိုင်ငံသားဦးသန့်' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၅၀)ကို ယနေ့ဖြန့်ချိလိုက်သည်။

ကိုယ်မဲပေးမှာကို ဘယ်သူမှလည်း သိမှာမဟုတ်ဘူး၊ ကိုယ်ရွေးချယ်တဲ့ ကိုယ်စားလှယ်ကို ရဲရဲတင်းတင်းမဲပေးလိုက်ပါဆိုတဲ့ ဒီမိုကရက်တစ် (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ပြည်သူ့အကျိုးစီးပွားကို ပြည်သူ့ကိုယ်စားလုပ်ဆောင်ပေးရမှာပါ၊ နိုင်ငံကို လူထုနဲ့ ကင်းကွာပြီး တည်ဆောက်လို့မရပါဘူးဆိုတဲ့ ဗဟန်းမြို့နယ်ပြည်သူ့လွှတ်တော်လောင်း သမားတော်ကြီးဒေါက်တာမောင်မောင်ဝင့်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲရက်အတွင်း ဈေးများ၊ ကျောင်းများ ပိတ်မည်မဟုတ်၊ အားပေးသူပရိသတ်ကို မထိမဲ့မြင်လုပ်တာလား သရုပ်ဆောင်သမီးငယ်၊ ထူးထူးဆန်းဆန်း ရမ်းရမ်းကားကား ပြိုင်ကားမောင်း ပြိုင်ပွဲတဲ့လား၊ ကလေးမွေးဖွားပြီး စွန့်ပစ်ခဲ့သူမြန်မာအမျိုးသမီးတစ်ဦး အမေရိကန်နိုင်ငံတွင် ထောင်သုံးနှစ်ကျခံရ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုနိုင်သည်ဆိုသော ကျပ်ငါးသိန်းတန် CDMA 450 MH z တယ်လီဖုန်းများ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ချထားပေးမည်၊ လူငယ်တွေအင်တာနက်မှာ ဘာတွေလေ့လာနေသလဲ၊ စက်မှုဇုန်ထုတ်ကားနှင့် ပြည်ပတင်သွင်းကားတို့ အမျိုးအစားတူပေမယ့် ဈေးနှုန်းကွာခြား၊ ကမ္ဘာ့ရွှေဈေးတက်လို့ မြန်မာ့ရွှေဈေး တက်ရပါတယ်ဆိုတဲ့ အတက်ကြမ်းတဲ့ ရွှေဈေး၊ ရွေးကောက်ပွဲအကြိုကာလ နိုင်ငံခြားရွှေဈေးနှုန်းမြင့်မား၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ) က မန္တလေးတိုင်းဒေသကြီးအတွင်း လူထုအစည်းအဝေးပွဲ ပြုလုပ်၊ အလွတ်လပ်ဆုံးဘာသာတရားနှင့် ဟိုအကြောင်း ဒီအကြောင်း၊ လူ့ဘဝအကြောင်းဟောပြောခဲ့သည့် ဆရာနန္ဒာသိန်းဇံ၊ အာကာသနျူကလီးယားစစ်ပွဲကြီးမှာ အိန္ဒိယပါဝင်ရန် အဆင်သင့်ဖြစ်နေပြီလား၊ မြောက်ကိုရီးယားအား နျူလက်နက်သုံးသင့်မသင့် အမေရိကန်ချိန်ဆနေ၊ မြောက်ကိုရီးယားကို နျူကလီးယားလက်နက်ဖြင့် တိုက်ခိုက်မည့် အမေရိကန် ၏အကြံအစည်၊ အိုဘားမားကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းနေသည့် အမေရိကန်အစွန်းရောက်မျိုးချစ်အဖွဲ့များ၊ မွမ်ဘိုင်းတိုက်ခိုက်မှုကို အက်ဖ်ဘီအိုင်ကြိုတင်သိရှိခဲ့ဟုဆိုစသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့် အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ (သတင်းစဉ်)



### လက်ခံ

**(၆၂)နှစ်မြောက် မြန်မာ့လေကြောင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးနှင့် ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းနှင့် ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ဆေးများလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (သတင်းစဉ်)

## သစ်လုပ်ငန်းရှင်များအသင်း မလေးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၈**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပမည့် Market for Timber Meeting Legality Requirement နှင့် သက်ဆိုင်သည့် Trade Meeting နှင့် Malaysia Timber Coumcil မှ ကျင်းပသော Globel Woodmart ပြပွဲသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်း၊ ဗဟိုအလုပ်မှုဆောင် ဦးဇော်ဝင်း၊ အလုပ်အမှုဆောင် ဦးဘာဘာချိုနှင့် ဦးစိုးရီတို့သည် အောက်တိုဘာ ၁၇ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။**(အပေါ်ပုံ)** (သတင်းစဉ်)



# ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲ လုံခြုံရေးရဲတပ်ဖွဲ့ဝင်၅၀၀၀၀ခန့် ဖြန့်ကြက်မည်

**ဆိုးလ် အောက်တိုဘာ ၁၈ -** တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်၌ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင် ၅၀၀၀၀ခန့်ကို ဖြန့်ကြက်ရန် အစီအစဉ်ရှိကြောင်း ကိုရီးယားအမျိုးသားရဲတပ်ဖွဲ့အေဂျင်စီအကြီးအကဲက အောက်တိုဘာ ၁၈ရက်တွင် ပြောကြားသည်။

နိုဝင်ဘာ ၁၁ရက်မှ ၁၂ရက်အထိ ကျင်းပရန်စီစဉ်ထားသော ဂျီ-၂၀ထိပ်သီးဆွေးနွေးပွဲသို့ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲ ၃၂ဦး တက်ရောက်မည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၏လုံခြုံရေးစီမံချက်များအနက် အကြီးကျယ်ဆုံးဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ချိုဟွန်အိုက ပြောကြားသည်။

ဂျီ-၂၀ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအတွက် လုံခြုံရေးဆောင်ရွက်ပေးရန် မိမိတို့သည် တောင်ကိုရီးယားစစ်ဘက်၊ နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)နှင့် နိုင်ငံခြားထောက်လှမ်းရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**သွယ်တန်းတည်ရှိ**

ဂျီ-၂၀ထိပ်သီးဆွေးနွေးပွဲကျင်းပမည့်နေရာ အကျုံးဝင်သော လုံခြုံရေးဇုန်နယ်မြေမှာ နှစ်ကီလိုမီတာအထိ သွယ်တန်းတည်ရှိမည်ဖြစ်သည်။ သတ်မှတ်ထားသော လုံခြုံရေးဇုန်နယ်မြေအတွင်း ဆန္ဒပြပွဲများပြုလုပ်ခွင့်မရှိကြောင်း ၎င်းက ပြောကြားသည်။

ဂျီ-၂၀ထိပ်သီးဆွေးနွေးပွဲပျက်ပြားစေရေးအတွက် အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်နိုင်ခြင်းမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲကပြောကြားသည်။ **ယွန်ဟတ်။**



## အယ်လ်ခိုင်ဒါ၏ခြိမ်းခြောက်မှုအသစ် ဆော်ဒီထောက်လှမ်းရေးက ပြင်သစ်ကိုသတိပေး

**ပါရီ အောက်တိုဘာ ၁၈**

အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်သည် ဥရောပတိုက်အထူးသဖြင့် ပြင်သစ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လာဖွယ်အလားအလာများကို ဆော်ဒီအာရေဗျထောက်လှမ်းရေးဌာနများက သတိပေးထားကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးက အောက်တိုဘာ ၁၇ရက်တွင်ပြောကြားသည်။

အာရေဗီးယန်းကျွန်းဆွယ်မှ အယ်လ်ခိုင်ဒါများသည် ဥရောပ အထူးသဖြင့် ပြင်သစ်၌အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်လာမှုကို အခြားဥရောပနိုင်ငံများမှ သက်ဆိုင်ရာတို့ကလည်း သတင်းရရှိပြီးဖြစ်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးကဆိုသည်။

ဆော်ဒီအာရေဗျထောက်လှမ်းရေးဌာန၏ သတိပေးမှုသည် ဥရောပတိုက်အတွက် နောက်ဆုံးထွက်ပေါ်လာသော အကြမ်းဖက်ဝါဒအန္တရာယ်ဆိုင်ရာသတိပေးချက်ဖြစ်သည်။ ယင်းကဲ့သို့ သတိပေးထားမှုကြောင့် ပြင်သစ်နိုင်ငံသည် ၎င်း၏လုံခြုံရေးတပ်ဖွဲ့များနှင့် အခြားအဖွဲ့အစည်းများကို အသင့်အနေအထားပြင်ဆင်ထားသည်။

ပြင်သစ်နိုင်ငံသည် ပြီးခဲ့သည့်လမှစ၍ နိုတာဒိမ်းဘုရားကျောင်း၊ အိုက်ဖယ်လ်မျှော်စင်စသော ထင်ရှားသည့်နေရာများတွင် လုံခြုံရေးတိုးမြှင့်ခဲ့သည်။ ယင်းလတစ်လတွင်းမှာပင် ပြင်သစ်အာဏာပိုင်များသည် ပါရီမြို့တော်အတွင်း ဗုံးလန့်မှုကိုးမှုကို ဖြေရှင်းခဲ့ရသည်။ **အေပီ။**



## ရေဒါရှောင်ကွင်းနိုင်သော တိုက်လေယာဉ်များကို ကြားဖြတ်ဟန့်တားရေး စစ်ရေးလေ့ကျင့်

**ပေကျင်း အောက်တိုဘာ ၁၈**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)သည် အမေရိကန်နိုင်ငံ၏ နောက်ဆုံးပေါ်တိုက်လေယာဉ်အမျိုးအစားဖြစ်သော အက်ဖ်-၂၂ ရီပါ ရေဒါကို ရှောင်ကွင်းနိုင်သော တိုက်လေယာဉ်များကို ကြားဖြတ်ဟန့်တားရေး လေ့ကျင့်ခန်းကိုပြုလုပ်ခဲ့ကြောင်း အောက်တိုဘာ ၁၈ ရက်သတင်းများတွင် ဖော်ပြသည်။

နိုဝင်ဘာလအတွင်း ဂျပန်နှင့် အမေရိကန်တပ်ဖွဲ့များသည် အရှေ့တရုတ်ပင်လယ်အတွင်းရှိ ပိုင်နက်အငြင်းပွားကျွန်းများအနီး စစ်ရေးလေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ကြောင်း ဂျပန်သတင်းဌာနများက အောက်တိုဘာ ၃ ရက်တွင် ဖော်ပြခဲ့သည်။

ယင်းသို့ သတင်းထုတ်ပြန်ရာတွင် အဆိုပါစစ်ရေးလေ့ကျင့်မှု၌ အမေရိကန်နိုင်ငံ၏ နျူကလီးယားစွမ်းအင်သုံး ဂျော့ဂျ်ဝါရှင်တန် လေယာဉ်တင်သင်္ဘောနှင့် အက်ဖ်-၂၂ ရီပါတိုက်လေယာဉ်များ ပါဝင်မည်ဟုသိရသည်။

အဆိုပါသတင်းထွက်ပေါ်လာပြီး ငါးရက်အကြာတွင် ချန်ဒူးပြည်နယ်ရှိ တရုတ်လေတပ်စခန်းသည် ဟွန်ကျိ-၉ အမျိုးအစားမြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကို ပစ်ခတ်စမ်းသပ်ခဲ့ကြောင်း သိရသည်။

ယင်း ဟွန်ကျိ-၉ ဒုံးကျည်များသည် တရုတ်နိုင်ငံ၏ ခေတ်အမီဆုံး လေယာဉ်ပစ်ဒုံးကျည်များဖြစ်ပြီး အက်ဖ်-၂၂ ကဲ့သို့ ရေဒါရှောင်ကွင်းနိုင်သော လေယာဉ်များကို ပစ်မှတ်ထားတိုက်ခိုက်ရန် ရည်ရွယ်ထုတ်လုပ်ထားသည်။ **အင်တာနက်။**

# ပင်လယ်ဓားပြပြဿနာ အာဖရိကတွင်ကျဆင်း၍ အာရှတိုက်တွင် ပိုမိုမြင့်တက်လာ



**ကွာလာလမ်ပူ အောက်တိုဘာ ၁၈ -** တောင်တရုတ်ပင်လယ်နှင့် အင်ဒိုနီးရှားပိုင်နက်ရေပြင်များတွင် ခုတ်မောင်းသွားလာနေသော သင်္ဘောများကို ပင်လယ်ဓားပြ တိုက်ခိုက်မှုများ ပိုမိုမြင့်တက်လာသော်လည်း ဆိုမာလီနိုင်ငံ ကမ်းလွန်ရေပြင်၌ ပင်လယ်ဓားပြပြဿနာသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ယခုနှစ်အတွင်း ကျဆင်းလာကြောင်း လန်ဒန်အခြေစိုက် နိုင်ငံတကာရေကြောင်းသွားလာရေး ဗျူရိုက ယနေ့တွင် ပြောကြားသည်။

တောင်တရုတ်ပင်လယ်အတွင်း ဇန်နဝါရီနှင့် စက်တင်ဘာအကြား ကာလများအတွင်း ဖြစ်ပွားခဲ့သော ပင်လယ်ဓားပြတိုက်ခိုက်မှုများသည် ပြီးခဲ့သည့်နှစ်နှင့် အလားတူ ကာလကထက် သုံးဆပိုမိုဖြစ်ပွားခဲ့ပြီး အမှုပေါင်း ၃၀ အထိ တိုးမြင့်လာသည်။

ပင်လယ်ဓားပြများသည် အဓိကအားဖြင့် အင်ဒိုနီးရှားကမ်းရိုးတန်းဒေသကို အခြေစိုက်ကာ မင်ကိုင်းကျွန်းကမ်းလွန်တောင်တရုတ်ရေပြင်၌ သွားလာနေသော ကုန်သင်္ဘောများကို အဓိကထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း နိုင်ငံတကာရေကြောင်းသွားလာရေးဗျူရို၏ မလေးရှားအခြေစိုက် ပင်လယ်ဓားပြပြဿနာဆိုင်ရာ သတင်းထုတ်ပြန်ရေးဌာနက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းလုံးဖြစ်ပေါ်ခဲ့သော ပင်လယ်ဓားပြမှုများ၏ ၂၀၀၉ ခုနှစ် ပထမကိုးလအတွင်း ၃၀၆ မှုအထိရှိခဲ့သော်လည်း ယခုနှစ်အတွင်း ၂၈၉ မှုအထိ ကျဆင်းလာသည်။

အေဒင်ပင်လယ်ကွေ့ရှိ ဆိုမာလီပင်လယ်ဓားပြများ၏ သောင်းကျန်းမှုများသည်လည်း လျော့ကျခဲ့ပြီး ၂၀၀၉ ခုနှစ်အတွင်း ယင်းဒေသ၌ ပင်လယ်ဓားပြမှု ၁၀၀ ရှိခဲ့သော်လည်း ယခုနှစ်စက်တင်ဘာလအထိတွင် ၄၀အထိ ကျဆင်းခဲ့သည်။ **အေပီ။**

## ဟေတီအကျဉ်းထောင်၌ ရုန်းရင်းဆန်ခတ်ဖြစ် အကျဉ်းသားသုံးဦး သေဆုံး

**ပေါ်တိုပရင့် အောက်တိုဘာ ၁၈**

ဟေတီနိုင်ငံ မြို့တော်ပေါ်တိုပရင့်၏ အကြီးဆုံး အကျဉ်းထောင်၌ အကြမ်းဖက်မှုဖြစ်ခဲ့ရာ အကျဉ်းသားသုံးဦး သေဆုံးခဲ့သည်ဟု လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ အကျဉ်းထောင်၌ အောက်တိုဘာ ၁၇ ရက်က ရုန်းရင်းဆန်ခတ်ဖြစ်ကာ အကျဉ်းသားများသေဆုံးခဲ့သည်ဟု ကုလသမဂ္ဂရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂျီအန်ဖရန်ကို့စ်ဗေဇီနာက ပြောကြားသည်။

အကျဉ်းသားအချို့သည် အကျဉ်းထောင်ကို ဖောက်ရန် ဟေတီနိုင်ငံသားမဟုတ်သော အပြစ်ဒဏ်ကျခံနေသူ ခုနစ်ဦးကို ဓားစာခံအဖြစ် ချုပ်နှောင်ထားကြသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဓားစာခံများသည် ဒဏ်ရာအနည်းငယ်ရရှိပြီး ထွက်ပြေးလွတ်မြောက်ခဲ့သည်ဟု ဟေတီရဲတပ်ဖွဲ့က ဖော်ပြသည်။

သေဆုံးသူများတွင် ထောင်ကိုဖောက်ပြေးရန် ကြိုးပမ်းသည့် အကျဉ်းသား သုံးဦးပါရှိကြောင်း သိရှိရသော်လည်း အသေးစိတ်ကိုမူ သိရှိရခြင်းမရှိပေ။

**ပရက်စ်တီဗွီ။**

## အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်လျှင် အစွန်းရောက်ဝါဒခေါင်းထောင်လာနိုင်

**ဂျေရုဆလင် အောက်တိုဘာ ၁၈ -** အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပျက်ပြားခဲ့ပါက အစွန်းရောက်ဝါဒ အင်အားကောင်းလာမည်ဖြစ်ကြောင်း အစ္စရေးရုပ်သံဌာနတစ်ခုနှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ရာတွင် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က သတိပေးခဲ့သည်ဟု အောက်တိုဘာ ၁၇ ရက်သတင်းများတွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ ရှေ့ရေးမျှော်လင့်ချက်နည်းပါးနေခြင်းသည် ဒေသတွင်း အစွန်းရောက်ဝါဒီများ အင်အားကောင်းလာအောင် မီးထိုးပေးသကဲ့သို့ ဖြစ်လိမ့်မည်ဟု မာမွတ်အဘတ်စ်က ပြောကြားခဲ့သည်။

ကျင်းထဲကျပ်ထဲရောက်နေသော အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ အခြေအနေကို အဆုံးသတ်ရန် အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းမှုများအောင်မြင်မည်ဟု ယုံကြည်ကြောင်း ပါလက်စတိုင်းသမ္မတက ထည့်သွင်းပြောကြားသည်။

ပြီးခဲ့သည့် သီတင်းခြောက်ပတ်ခန့်က အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်များသည် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မျက်နှာချင်းဆိုင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း အနောက်ဘက်ကမ်းဒေသရှိ ဂျူးအခြေစိုက်အိမ်ရာတည်ဆောက်မှု ပြဿနာကြောင့် စက်တင်ဘာ ၂၆ ရက်တွင် ဆွေးနွေးပွဲများ ရပ်စဲခဲ့သည်။

**အေအက်ဖ်ပီ။**



## ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း၌ ပြင်းထန်သောတိုက်ဖွန်းမုန်တိုင်း တိုက်ခတ်

**မနီလာ အောက်တိုဘာ ၁၈ -** ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းရှိ ဒေသတစ်ဝန်း၌ အောက်တိုဘာ ၁၈ ရက်က အင်အားပြင်းထန်သော တိုက်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ ငါးဦးသေဆုံးကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ယခုတိုက်ခတ်သော မုန်တိုင်းသည် နှစ်ပေါင်းအတန်ကြာကာလအတွင်း အပြင်းထန်ဆုံး တိုက်ဖွန်းမုန်တိုင်းဖြစ်သည်။

မဂ္ဂီဟုအမည်ပေးထားသော တိုက်ဖွန်းမုန်တိုင်းတိုက်ခတ်သည့် လမ်းကြောင်းရှိ ဒေသများမှ ပြည်သူသန်းပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

မဂ္ဂီတိုက်ဖွန်းမုန်တိုင်းတိုက်ခိုက်မှုကြောင့် မြေပြိုမှုများဖြစ်ခဲ့ပြီး အဓိကလမ်းမကြီးများကို ပိတ်ထားခဲ့ရသည်။စိုက်ခင်းအများအပြားရေနစ်မြုပ်ခံရခြင်း၊ လျှပ်စစ်ဓာတ်အားတိုင်များ လဲကျခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ဒေသစံတော်ချိန် နံနက်၁၁ နာရီ ၂၅ မိနစ်တွင် ဒီဗီလာကန်ပင်လယ်အော်အနီးရှိ ကုန်းတွင်းပိုင်းသို့ မုန်တိုင်း စတင်ဝင်ရောက်ခဲ့သည်။

ပင်လယ်ကမ်းရိုးတန်းဒေသကို မုန်တိုင်းဗဟိုချက်မဖြတ်သန်းမီ တစ်နာရီလျှင် ကီလိုမီတာ ၂၇၀ ခန့် (တစ်နာရီလျှင် ၁၆၈ မိုင်) နှုန်းဖြင့် လေပြင်းတိုက်ခတ်ခဲ့သည်။

မဂ္ဂီတိုက်ဖွန်းမုန်တိုင်းသည် အောက်တိုဘာ ၁၈ ရက်ညတွင် ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်း မြောက်ပိုင်းကို ဖြတ်ကျော်ပြီးနောက် အားနည်းသွားမည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသည်။ မဂ္ဂီတိုက်ဖွန်းမုန်တိုင်းသည် တရုတ်နိုင်ငံတောင်ပိုင်းသို့ ဦးတည်ကာ တောင်တရုတ်ပင်လယ်သို့ ဦးတည်ရွေ့လျားသွားမည်ဟု မျှော်လင့်ရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## နိုင် ငံ တ က သ တင်း



အိန္ဒိယသိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော မောင်းသူမဲ့လေယာဉ်ကို တွေ့ရစဉ်။

## ပြည်တွင်းလုပ် မောင်းသူမဲ့လေယာဉ် အိန္ဒိယသိပ္ပံပညာရှင်များ စမ်းသပ်

**နယူးဒေလီ အောက်တိုဘာ ၁၈**

အိန္ဒိယသိပ္ပံပညာရှင်များသည် အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်သော မောင်းသူမဲ့လေယာဉ်တစ်စင်းကို စမ်းသပ်ပျံသန်းခဲ့ရာ အောင်မြင်မှုရရှိကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

ရပ်စတန်-၁(Rustom-1)ဟု အမည်ပေးထားသော မောင်းသူမဲ့လေယာဉ်ကို နိုင်ငံတောင်ပိုင်း ဘင်္ဂလိုမြို့၌ စမ်းသပ်ပျံသန်းခဲ့သည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်ကို မိနစ် ၃၀ကြာမျှ စမ်းသပ်ပျံသန်းစေခဲ့ရာ စမ်းသပ်ပျံသန်းမှုဆိုင်ရာ ရည်မှန်းချက်များ အားလုံး ပေါက်မြောက်အောင်မြင်ကြောင်း ကာကွယ်ရေးသတင်းရပ်ကွက်ကို ကိုးကားလျက် အိန္ဒိယမီဒီယာများက ဖော်ပြသည်။

နိုင်ငံပိုင် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အောက်ရှိ လေကြောင်းအာကာသ သုတေသနဌာနက တည်ဆောက်သော ရပ်စတန်-၁ မောင်းသူမဲ့လေယာဉ်၏ အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၈၀ ဖြစ်သည်။

ရပ်စတန်-၁ မောင်းသူမဲ့လေယာဉ်ကို ထုတ်လုပ်လာနိုင်သည့်အခါ အိန္ဒိယလက်နက်ကိုင်တပ်ဖွဲ့များက အသုံးပြုနေသော အစ္စရေးလုပ် ဟီရွန် (Heron)အမျိုးအစား မောင်းသူမဲ့လေယာဉ်များ၏နေရာတွင် အစားထိုးအသုံးပြုလာနိုင်မည်ဖြစ်သည်။

ရပ်စတန်-၁ မောင်းသူမဲ့လေယာဉ်သည် အမြင့်ပေ ၂၅၀၀၀မှ ပုံမှန်ပျံသန်းနိုင်ပြီး ၁၂ နာရီမှ ၁၅ နာရီအထိ ဆက်တိုက်ပျံသန်းနိုင်ရန် ဒီဇိုင်းပုံစံ ထုတ်ထားသည်။

မောင်းသူမဲ့လေယာဉ်ကို ပြည်တွင်း၌ ထုတ်လုပ်လာနိုင်ခြင်းဖြင့် လက်နက်ကိုင်တပ်ဖွဲ့များအတွက် ပြည်ပမှ မောင်းသူမဲ့လေယာဉ်များ ဝယ်ယူတင်သွင်းနေရမှုကို အဆုံးသတ်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင် ရာဗီကူးမားရုပ္ပတားက ပြောကြားသည်။

ရပ်စတန်-၁ မောင်းသူမဲ့လေယာဉ်၏ တောင်ပံမှာ ၄ ဒသမ ၉ ပေ (၁ ဒသမ ၅ မီတာ)ရှိပြီး ယင်းလေယာဉ်၏ အရှည်မှာ သုံးမီတာ ဖြစ်သည်။

ရပ်စတန်-၁ မောင်းသူမဲ့လေယာဉ်ကို စမ်းသပ်ပျံသန်းခြင်းမှာ ဒုတိယအကြိမ်ဖြစ်သည်။ အင်တာနက်။

## လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ် ဟားမားစ်အဖွဲ့ အသုံးပြုနိုင်ဟုဆို

**ဂျေရုဆလင် အောက်တိုဘာ ၁၈**

ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားသော ဟားမားစ်အဖွဲ့တွင် လေကြောင်းရန် ကာကွယ်ရေး ဒုံးကျည်များ ရရှိပြီဖြစ်ကြောင်း အစ္စရေး ဝန်ကြီးချုပ် နေတန်ယာဟုက ယနေ့ ပြောကြားသည်။

အစ္စရေး ဝန်ကြီးချုပ်၏ စကားမှန်ခဲ့ပါက ဂါဇာကမ်းမြောင်ဒေသတွင် အတားအဆီးမရှိ ခြယ်လှယ်ခွင့်ရခဲ့သော အစ္စရေးလေတပ်အတွက် စိုးရိမ်ဖွယ်ရာဖြစ်သည်။

**မှတ်ချက်ချ**

ဂါဇာကမ်းမြောင် အခြေစိုက်ဟားမားစ်အဖွဲ့သည် အဆင့်မြင့် လက်နက်ခဲယမ်းများကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း အစ္စရေး ဝန်ကြီးချုပ်က မှတ်ချက်ချခဲ့ခြင်းဖြစ်သည်။

အစ္စရေးဝန်ကြီးချုပ်သည် ၎င်း၏ လီကွတ်ပါတီကို မိန့်ခွန်းပြောကြားရာတွင် မည်သည့် ငြိမ်းချမ်းရေး သဘောတူညီချက်ကိုမဆို ခြိမ်းခြောက်မှုများကြားမှ သာရအပ်ကြောင်း ပြောကြားသည်။

**ကြိုးစားနေရ**

ဒုံးကျည်အန္တရာယ် ခြိမ်းခြောက်မှုကြောင့် အစ္စရေးလေတပ်သည် ဂါဇာကမ်းမြောင်အနားတစ်ဝိုက် ပျံသန်းနိုင်ရန်ပင် ကြိုးစားနေရကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ အေပီ။

## ကန်ဒါဟာစစ်ဆင်ရေး၏ နောက်ဆုံးအဆင့် နေတိုးတပ်ဖွဲ့စတင်

ကဘူး အောက်တိုဘာ ၁၈

**အာဖဂန်တာလီဘန်တို့ အထွတ်အမြတ်ထားရာ ကန်ဒါဟာပြည်နယ်တွင် ပြည်နယ်ရှင်းလင်းရေး ထိုးစစ်တစ်ရပ်ဆင်နွှဲနေသော အာဖဂန်နှင့် နေတိုးတပ်ဖွဲ့ဝင်များသည် ယင်းထိုးစစ်ကြီး၏ နောက်ဆုံးအဆင့်ကို အောက်တိုဘာ ၁၇ ရက်တွင် စတင်ခဲ့ကြောင်း သတင်းများ၌ ဖော်ပြသည်။**

ယင်းထိုးစစ်ကို ကန်ဒါဟာပြည်နယ်ရှိ တာလီဘန်များ ကြီးစိုးရာ နယ်မြေဖြစ်သော ပန်ဂျဲဝေးခရိုင်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အာဖဂန်နှင့် နေတိုးတပ်ဖွဲ့ဝင် ရာပေါင်းများစွာတို့သည် လေကြောင်းမှတစ်ဆင့် ထိုးစစ်ဆင်မှုနှင့်အတူ နယ်မြေရှင်းလင်းရေး လုပ်ဆောင်ခဲ့ကြသည်။

အမေရိကန်၊ အာဖဂန်၊ ကနေဒါတပ်ဖွဲ့ဝင်များနှင့် ဗြိတိသျှအထူးတပ်ဖွဲ့ဝင်များ ပါဝင်တိုက်ခိုက်သော အဆိုပါထိုးစစ်သည် စစ်သွေးကြွတိုက်ခိုက်ရေးသမားများကို နယ်မြေတွင်းမှ မောင်းထုတ်၍ ၎င်းတို့ဆုတ်ခွာစဉ် ကြားဖြတ်တိုက်ခိုက်ရန် နေတိုးနှင့် အာဖဂန်တပ်ဖွဲ့ဝင်များ အသင့်နေရာယူထားသော သတ်ကွင်းများအတွင်း ရောက်ရှိစေမည့် နည်းဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ကန်ဒါဟာပြည်နယ်၌ တာလီဘန်စစ်သွေးကြွများ၏ အန္တရာယ် ချုပ်ငြိမ်းမှုသည် အာဖဂန် စစ်မြေပြင်မှ နေတိုးတပ်ဖွဲ့များ ပြန်လည်ထွက်ခွာရေး မဟာဗျူဟာ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။



နေတိုးတပ်ဖွဲ့ဝင် ၆၀၀၀၀ ကျော် ပါဝင်တိုက်ခိုက်နေသော ကန်ဒါဟာစစ်ဆင်ရေးကို ဗြိတိသျှ ဗိုလ်ချုပ် နစ်ခ်ကာတာက စီမံကွပ်ကဲသည်။ နစ်ခ်ကာတာသည် စစ်မြေပြင်တစ်ခု၌ ထိုမျှအင်အားကြီးမားသော တပ်ဖွဲ့ဝင်များကို စီမံကွပ်ကဲရသည့် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံး ဗြိတိသျှစစ်ခေါင်းဆောင်တစ်ဦး ဖြစ်လာသည်။

အင်ဒီပင်းဒင့်။

## တာလေ-ပါလျှိုး-ကျိုင်းလပ် ကားလမ်း တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သန်းထွန်းဦးသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် တာလေ-ပါလျှိုးကားလမ်းနှင့် လမ်းပေါ်ရှိ တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပါလျှိုး-ကျိုင်းလပ်ကားလမ်းဘေး ဝဲ၊ယာ မိုးစပါးများနှင့် နှစ်ရှည်ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ပါလျှိုး-ကျိုင်းလပ်ကားလမ်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ကျိုင်းတုံတပ်နယ် နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## လမ်းများ အဆင့်မြှင့်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်လမ်း ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့တော်စည်ပင်)

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ဌာနမှူးများလိုက်ပါ၍ ယမန်နေ့ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်ရှိ ဗိုလ်ရာညွန့်လမ်း လမ်းအဆင့်မြှင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စက်ယန္တရားများဖြင့် ကတ္တရာ ကွန်ကရစ်ထပ်ပိုးခင်းနေမှု၊ သောက်သုံးရေ ပိုမိုကောင်းမွန်ရရှိစေရန် အချင်း ရှစ်လက်မရှိ အားဖြည့်စက်ရေတွင်းတူးဖော်နေမှုနှင့် အချင်းလေးလက်မရှိ ရေပိုက်လိုင်းများ သွယ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် မြို့တော်ဝန်သည် ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ရန်ကင်းလမ်းသွယ်(၂) လမ်းအဆင့်မြှင့်ရေးအတွက် ကွန်ကရစ်လမ်းချော ခင်းကျင်းပြီးစီးမှု၊ ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၁၄)ရပ်ကွက်ကြားရှိ အနော်ရထာလမ်းနှင့် အမှတ်(၂)ရပ်ကွက်ရှိ ရန်အောင်လမ်းသွယ်များ အဆင့်မြှင့်စေရေးတို့အတွက် ကွန်ကရစ်လမ်းချော ခင်းနေမှုနှင့် ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက် ပတ္တမြားလမ်းရှိ ကမာရွတ်ချောင်း ရေစီးရေလာကောင်းမွန်စေရန် လမ်းဘေးရေနုတ်မြောင်းအား စက်ယန္တရားဖြင့် အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းများရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပန်းဘဲတန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၁၈**

ပန်းဘဲတန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ (၄/၂၀၁၀) အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် (၃၂)အလယ်လမ်း အမှတ်(၁၂၉) မြေညီထပ်၌ ကျင်းပရာ နာယကများ၊ အမှုဆောင်များနှင့် ပြန်ကြားရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးကို စတင်ကျင်းပရာ သဘာပတိ မန်းကိုကိုလတ်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌ သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)က စာပေစာနယ်ဇင်း(ဗဟို)မှ နှစ်စဉ်ကြီးမှူးကျင်းပသည့် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ပွဲအတွက် လှူဒါန်းငွေများ ထိုက်ထိုက်တန်တန် လှူဒါန်းနိုင်ရန် အကျယ်တဝင့် ဆွေးနွေးသည်။

ဆက်လက်၍ ဘဏ္ဍာရေးမှူး ဝါးခယ်မ စိုးမြင့်အောင်(ဖျံငါးကောင်)က ဘဏ္ဍာရေးအခြေအနေများကို တင်ပြဆွေးနွေးရာ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဆရာရန်ကြီးအောင်၊ ဆရာသချ်ာအောင်သောင်းတို့က မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေရှာဖွေရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ယခုထက် တိုးပွားရှာဖွေရန် နည်းလမ်းများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ၂၀၁၁ ခုနှစ်အတွင်း မြို့နယ်စာပေနှင့် စာနယ်ဇင်းမဂ္ဂဇင်းထွက်ရှိရန် တညီတညွတ်တည်း ဆုံးဖြတ်၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(၁၉)

**မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)က သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ပွဲနှင့် ပတ်သက်၍ လှူဒါန်းငွေများ ထိုက်ထိုက်တန်တန် လှူဒါန်းနိုင်ရန် ဆွေးနွေးတင်ပြစဉ်။** (၁၉)



# တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဝန်ကြီး ဦးခင်မောင်မြင့် ရောဝတီတံတား ရတနာပုံ(မန္တလေးဘက်)အတက်လမ်းတံတားဖွင့်ပွဲ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၈

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၂)က တာဝန်ယူ တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ ရောဝတီတံတား ရတနာပုံ(မန္တလေးဘက်)အတက်လမ်း တံတားဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွား အက အဖွဲ့ဝင်များ၊ မင်္ဂလာစည်တော် အက အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြား ထားသူများနှင့် ဒေသခံ ပြည်သူများ တက်ရောက်အားပေးကြသည်။**



အခမ်းအနားအစီအစဉ်အရ တိုင်းမှူးက ကျေးဇူးတင်အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်ပရိသတ်များသည် တံတားကြီးဖဲကြိုးဖြတ်ဖွင့်လှစ်ပေးမည့် မုခ်ဦးနေရာသို့ သွားရောက်နေရာယူကြပြီးနောက် ဝန်ကြီး ဦးခင်မောင်မြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ရောဝတီတံတား ရတနာပုံ(မန္တလေးဘက်) အတက်လမ်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူးက ရောဝတီတံတား ရတနာပုံ(မန္တလေးဘက်)အတက်လမ်းတံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ရောဝတီတံတား ရတနာပုံ(မန္တလေးဘက်) အတက်လမ်း တံတားအမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ်လွန်တူးပိုင်ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်းတံတားအရှည် ၆၁၂ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေခွဲစီရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ယခုဖွင့်လှစ်သည့် ရောဝတီတံတား ရတနာပုံ (မန္တလေးဘက်)အတက်လမ်း တံတားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် ၂၄၆ စင်းမြောက် တံတားဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၁၃စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ရောဝတီတံတား ရတနာပုံ(မန္တလေးဘက်) အတက်လမ်း တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။**

(ဆောက်လုပ်ရေး)

# မစ္စတာ အာမက် အိုဂူဇ် စီလခ်ခိုးလ်အား တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မေမက် စီနာ အယ်လ်စီမီရာ၏ နေရာတွင် မစ္စတာ အာမက် အိုဂူဇ် စီလခ်ခိုးလ်အား ခန့်အပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အာမက် အိုဂူဇ် စီလခ်ခိုးလ်သည် ၁၉၅၀ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အန်ကာရာတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လက်ဘနွန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုရှိ တူရကီသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အထိ ဆီးရီးယားနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဂရိနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် အစ္စရေးနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အာမက် အိုဂူဇ် စီလခ်ခိုးလ်သည် ဗန်ကောက်မြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူတို့က ရောဝတီတံတား ရတနာပုံ(မန္တလေးဘက်)အတက်လမ်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**

(ဆောက်လုပ်ရေး)



# ကလော/အေးသာယာ စက်မှုလက်မှုသိပ္ပံကျောင်းသားဟောင်းများ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

ကလော/အေးသာယာ စက်မှုလက်မှုသိပ္ပံကျောင်းသားဟောင်းများ၏ (၂၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၀ ရက် (စနေနေ့) နံနက် ၈နာရီတွင် ရွှေစည်းခုံဘုရား တောင်ဘက်မုခ် အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း ပုဂံ-ညောင်ဦးမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အာစရိယပူဇော်ပွဲသို့ ရန်ကုန်မြို့မှ လိုက်ပါမည့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်တိုဘာ ၂၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ အရောက် မြောက်ဥက္ကလာပမြို့နယ် မမှာရုံမှတ်တိုင် အောင်မင်္ဂလာအဝေးပြေးဂိတ်အနီးရှိ အမှတ်(၆၆/၆၈) သုမမှာ လမ်းမကြီး ဇမ္ဗူထွန်းတည်းခိုခန်းသို့ လာရောက်ကြရမည်ဖြစ်သည်။ ပူဇော်ပွဲသို့ လိုက်ပါရန်ကျန်ရှိသူများ အဆင်ပြေစေရန်အတွက် မော်တော်ယာဉ်တစ်စီး ထပ်မံ စီစဉ်ထားသဖြင့် လိုက်ပါလိုသူများနှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်း ပါဝင်လှူဒါန်းလိုသူများသည် ဦးတက်ဖြိုး (71 M) ဖုန်း ၀၉-၄၉၂၃၀၀၀၀၊ ဦးမျိုးဝင်း (76 M) ဖုန်း ၀၉-၅၁၀၅၅၇၃၊ ဒေါ်ခင်ညို (79 C) ဖုန်း ၀၉-၅၁၁၃၂၂၃၊ ၆၂၉၃၂၇၊ ဦးစိုင်းဖေသိန်း(80 C) ဖုန်း-၅၁၃၁၁၃၃၊ ဒေါ်ဥမ္မာ(82 C) ဖုန်း ၀၉-၅၁၆၁၃၀၅၊ ဦးမျိုးဝင်း(94 M) ဖုန်း ၀၉-၅၄၁၀၀၁၅၊ ဦးဇေယျာအေး(95 EP) ဖုန်း ၀၉-၅၀၀၉၂၆၅၊ဒေါ်တင်ဇာနွယ်ငွေး(95 EP) ဖုန်း-၀၉-၈၀၃၄၉၃၆ တို့သို့ အောက်တိုဘာ ၂၄ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ရန်ကုန်အနောက်ပိုင်းခရိုင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျင်းပသော အရန်မီးသတ်တပ်ဖွဲ့ စွမ်းရည်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို လှိုင်မြို့နယ် ဘောလုံးအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၊ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော်၊ ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်အေး၊ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြိုင်ပွဲဝင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၆၀၀ခန့် တက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်အေး**(အောက်ပုံ)** က ပြိုင်ပွဲဝင်အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၃၄ ဦးကို စစ်ဆေးခဲ့ပြီး အဖွင့်အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။

(၅၄၃)





# မူးယစ်ဆေးအန္တရာယ် ကွမ်းခြံကုန်း၌ ဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်း မြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူး၍ ကျောင်းသား လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ၊ အိမ်သုံးဆေးဝါးများ အလွဲသုံးမှု ဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၇ ရက်က ကွမ်းခြံကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးမျိုးနိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ကြည်တင့်၊ ရန်ကုန် မူးယစ် (အရှေ့) အထူးတပ်ဖွဲ့မှ ရဲအုပ် မြင့်သိန်း၊ ကျန်းမာရေးမှူးအဆင့်(၁) ဦးသိန်းဝင်း တို့က အသီးသီး ဟောပြောခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

**စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး စက်တင်ဘာ ၂၉ ရက်က စစ်ကိုင်းမြို့နယ် ကျားမင်းကြီးကျေးရွာ အလှူရှင် စက်ရေတွင်း တူးဖော်နေမှုကို ကွင်းဆင်းစစ်ဆေးရာ စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးဝင်းဆွေနှင့် အင်ဂျင်နီယာမှူး ဦးမြင့်အောင်တို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ကလေးမြို့နယ်သူ၊ မြို့နယ်သားများ စုပေါင်းဂုဏ်ပြုပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်ရောက် ကလေးမြို့နယ်သူ/သားများ၏ ပထမအကြိမ် စုပေါင်းဂုဏ်ပြုပူဇော်ပွဲနှင့် မြို့နယ်သူ၊မြို့နယ်သားများ တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက် ၉နာရီတွင် ကလေးမြို့ကျောင်း ဘင်္ဂလားတိုက်ကြားတောရရပ်ကွက် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ကလေးမြို့ကျောင်း ဖုန်း-၇၃၀၁၂၃၇၃၊ ဆရာမကြီးဒေါ်သိန်းသိန်းစိုး ဖုန်း-၇၀၄၁၃၆၊ ဦးချန်စိန်ဝင်း ဖုန်း-၀၉-၅၀၁၃၂၂၈၊ ဒေါ်မိုးမိုး ဖုန်း-၀၉-၈၀၂၁၉၁၄၊ ဆရာဖိုးဆိုး ဖုန်း-၆၆၂၄၃၄၊ ဦးကျော်နောင်ထွေး ဖုန်း-၀၉-၅၀၈၈၀၇၉၊ ကိုပြူးလေး ဖုန်း-၅၁၃၅၄၁၊ ကိုကျော်မျိုးလှိုင် ဖုန်း-၀၉-၅၀၁၇၁၉၄၊ ကိုဇော်မျိုးငွေး ဖုန်း-၇၃၀၀၉၇၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



# ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈ ပါ သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသော နိုင်ငံသားများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိ

☆ ရွှေဖုံးမှ

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် ကော်မရှင်အဖွဲ့ခွဲများကို နေပြည်တော်သို့ခေါ်ယူ၍ ၂၀၁၀ခုနှစ် ဧပြီ ၇ ရက်မှ ၉ ရက်အထိ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းသင်တန်းများကို ကော်မရှင်အဖွဲ့ဝင်များက ကြီးကြပ်၍ ပို့ချဆွေးနွေးခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင် အသီးသီးသို့ သွားရောက်၍ မေလကုန်နှင့် ဇွန်လဆန်းတို့တွင် ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအတွက် ဆင့်ပွားသင်တန်းများ ပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများကလည်း မဲစာရင်းများပြုစုခြင်း၊ မဲရုံနေရာများ လျာထားသတ်မှတ်ဆောက်လုပ်ခြင်း၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်သင်တန်းပို့ချခြင်းလုပ်ငန်းများ အပါအဝင် ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း။

### တရားဝင်ရပ်တည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲ ဝင်ရောက်လိုသည့် နိုင်ငံရေးပါတီများက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ကြရာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်ခွင့်ရရှိပြီးသော ပါတီ(၄၂) ပါတီရှိကြောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုသဖြင့် ပယ်ဖျက်ခဲ့သော ပါတီ(၅)ခုရှိရာ တရားဝင်ရပ်တည်လျက်ရှိသော ပါတီ (၃၇) ပါတီရှိကြောင်း၊ ယင်းနိုင်ငံရေးပါတီများတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ "ဝ" အစရှိသည့် တိုင်းရင်းသားလူမျိုးစု ပါတီများလည်း ပါဝင်ကြကြောင်း။

### ကိုယ်စားလှယ်လောင်းများ

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ လွှတ်တော်အသီးသီးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်း တင်သွင်းကြသူများအနက် စိစစ်ပြီးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၃၀၀၀ ကျော်ရှိကြောင်း၊ ယင်းကိုယ်စားလှယ်လောင်းများတွင် နိုင်ငံရေးပါတီ (၃၇) ပါတီမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၈၀ ကျော်တို့ ပါဝင်သည်ကို တွေ့ရကြောင်း။

### ရွေးကောက်ခံခွင့်ရှိ

ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈ ပါ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသော နိုင်ငံသားများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိပါကြောင်း။

ပုဒ်မ ၉ တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူတစ်ဦးသည် တစ်သီးပုဂ္ဂလအဖြစ်ဖြင့်ဖြစ်စေ၊ နိုင်ငံရေးပါတီ တစ်ခုခုကို ကိုယ်စားပြု၍ဖြစ်စေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မ ၁၀ တွင် ရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူများကိုလည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။





**ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ရှင်းလင်းခြင်းအခမ်းအနားတွင် သတင်းထောက်များ သတင်းယူနေကြစဉ်။** (အပေါ်ပုံနှင့် ဝဲပုံ)

(သတင်းစဉ်)

### ယှဉ်ပြိုင်ခွင့်ရှိ

ထို့ကြောင့် ပုဒ်မ ၈ ပါ အရည်အချင်းများနှင့် ကိုက်ညီသူများသာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိမှာ ဖြစ်ပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့◆**

**ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်း မပြုသဖြင့် ပယ်ဖျက်ခဲ့သော ပါတီ(၅)ခုရှိရာ တရားဝင်ရပ်တည်လျက်ရှိသော ပါတီ(၃၇) ပါတီရှိ၊ ယင်းနိုင်ငံရေးပါတီများတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ "ဝ" အစရှိသည့် တိုင်းရင်းသားလူမျိုးစုပါတီများလည်း ပါဝင်။**

## ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၁၈**

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၃၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မြန်မာများ ထိုင်းနိုင်ငံသားခံယူစရာမလိုဘဲ ဗန်ကောက်တွင် ကွန်ဒိုမီနီယံတိုက်ခန်းများ ဝယ်ယူနိုင်မည်၊ မိုးမမြင်လေမမြင်ဘယ်တော့မှမလုပ်ပါဘူးဟု နန်းဆုရတီစိုးပြောကြား၊ မြိတ်ကျွန်းစု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မြန်မာ-ထိုင်းပူးပေါင်းဆောင်ရွက်မည်၊ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်ကို ထူးကုမ္ပဏီက မကြာမီလွှဲပြောင်းယူမည်၊ မြန်မာအပါအဝင် အရှေ့အာရှနိုင်ငံများရှိ လူငယ် ၆၀၀၀ကျော်အား ဂျပန်က ဖိတ်ကြား၊ မင်္ဂလာဆောင်ကြတော့မည့် ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့ နှစ်ဦးချစ်သူဖြစ်လာရခြင်း အကြောင်းရင်း၊ အကြော်ဆိုင်များရှိ ဆီများတွင် ပလတ်စတစ်ပါဝင်နေပါက ဥပဒေနှစ်မျိုးဖြင့် အရေးယူမည်၊ ဆရာစံဇာဏီဘို၏ တစ်ပတ်စာကံကြမ္မာ ဗေဒင်အွန်လိုင်း၌ ဖတ်ရှုနိုင်ပြီ၊ ကိုရီးယား EPS အလုပ်သမားပို့လွှတ်မှု အလုပ်သမားဝန်ကြီးဌာန တစ်ခုတည်းသာပို့ခွင့်ရှိ၊ မြန်မာဟိုတယ်ဝန်ထမ်းများကို အာဖရိကနိုင်ငံအချို့တွင် တာဝန်ထမ်းဆောင်ရန် ခေါ်ယူလာ၊ ရန်ကုန်မြို့တွင် ရှော့ပင်းစင်တာကြီးများ ဈေးကွက်ပြိုင်ဆိုင်မှုအားကောင်းလာ၊ FM လိုင်းများအားလုံး ရန်ကုန်သို့ထုတ်လွှင့်မည်၊ ဩစတြေးလျသို့မသွားဖြစ်ခဲ့သည့် ခန့်စည်သူနှင့်တစ်ခဏ၊ ရွှေနှင့်ဓာတ်သတ္တုတူးဖော်ရေးကုမ္ပဏီသစ်များ စစ်ကိုင်းတိုင်းဒေသကြီးသို့ ဝင်ရောက်လုပ်ကိုင်လာကြ၊ ကမ္ဘာ့အကြီးဆုံးမြန်မာမှုလက်ရာ ကြေးဆွမ်းအုပ်ကို နိုင်ငံတကာ၌ ပထမဆုံးခင်းကျင်းပြသမည်၊ ဆရာတက္ကသိုလ် ဘုန်းနိုင်၏ ဇနီးအား အနုကြမ်းစီးခဲ့သူကို ဖမ်းမိပြီ၊ ပဒေသာဖျော်ဖြေပွဲနှင့် ပတ်သက်၍ ပရိသတ်များသို့ မေသန်းနုရင်ဖွင့်၊ မုန်တိုင်းသင့်၍ ပင်လယ်ပြင်၌ တစ်ပတ်ခန့်မျောနေခဲ့ကြသည့် မြန်မာရေလုပ်သား ၃၃ဦး နေရပ်ပြန်ပြီ၊ ပင်လယ်အောက်တွင် လူတူပန်းပုရုပ်ပေါင်း ၄၀၀ ကျော်ရှိ ဥယျာဉ်ကြီးတည်ဆောက်ထား၊ မိသားစုလေးယောက်သာရှိသော သူဌေးကြီးက ဒေါ်လာ သန်း ၁၀၀၀တန် ၂၇ထပ်ရှိ ကိုယ်ပိုင်အိမ်သစ်သို့ပြောင်းရွှေ့တော့မည်၊ မိမိအစွမ်းအစနှင့် မိမိချမ်းသာလာသူ ကမ္ဘာ့အမျိုးသမီးများအနက် တရုတ်အမျိုးသမီးကထိပ်ဆုံးဖြစ်၊ ပုဂ္ဂလိက အာကာသယာဉ်ပထမဆုံးအကြိမ် ပျံသန်း၊ ကမ္ဘာ့အပုဆုံးလူသားအဖြစ် နီပေါနိုင်ငံသားကို (၁၈)နှစ်ပြည့်မွေးနေ့၌ တရားဝင်အသိအမှတ်ပြု၊ နယူးယောက်မြို့ပေါ်၌ပန်းကန်ပြားပျံများ ဝဲပျံခဲ့ဟုဆို၊ ကမ္ဘာ့အရှည်ဆုံး ဥမင်လိုဏ်ခေါင်း ဆွစ်ဇာလန်တွင် တည်ဆောက်ပြီးစီး၊ ပေ ၁၆၀၀မြင့်သည့် ရေကာတာ၏နံရံ၌ ဆိတ်များ ဒေါင်လိုက်ကုပ်တက်ခဲ့ကြ၊ လူနာကို ခြေထောက်မှားဖြတ်မိသောကြောင့် ဩစတြီးယားဆရာဝန်များ တရားစွဲခံရ၊ မြေအောက်တွင် ၆၉ ရက်ကြာ ပိတ်မိနေခဲ့ပြီး အောင်မြင်စွာကယ်တင် လွတ်မြောက်ခဲ့သည့် မိုင်းလုပ်သား၏ အင်တာဗျူး" စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာ တိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၉-၁၀-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၀ | ၂။ | အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၆။ | နေပြည်တော်ရေပန်းဥယျာဉ် |
| ၈း၀၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈း၁၀ | ၈။ | အကပြိုင်ပွဲ |
| ၈း၂၀ | ၉။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၈း၃၀ | ၁၀။ | "မြို့ကြီးသားယဉ်ကျေးမှု" |
| ၈း၄၀ | ၁၁။ | International News |
| ၈း၄၅ | ၁၂။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၃။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | အရေးပြိုင်ပွဲ |
| ၄း၂၀ | ၃။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၄း၃၀ | ၄။ | နိုင်ငံတော်သံစုံတီးဝိုင်းနှင့် နိုင်ငံတော်ဆိုင်းဝိုင်းကြီးအဖွဲ့ ဖျော်ဖြေခန်း "စုံတောမြိုင်" |
| ၄း၄၅ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ) |
| ၅း၀၀ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၀ | ၇။ | "သုံးပင်နှစ်ဆယ်" |
| ၅း၂၀ | ၈။ | တေးဂီတအစီအစဉ် |
| ၅း၃၅ | ၉။ | "သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်" |
| ၅း၅၀ | ၁၀။ | ရင်မှာစွဲထင်တေးအလှုသံစဉ် |
| ၆း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၃။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆း၃၅ | ၁၄။ | ဆိုလိုက်ကြစို့ |
| ၇း၀၀ | ၁၅။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ---ကိုယ့်ချစ်သူ" (အပိုင်း-၂၇) (ဇာတ်သိမ်းပိုင်း)** |
| ၈း၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်) |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ) |
| | ၂၁။ | ရယ်စရာဟာသများ |
| | ၂၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၃၆)** |
| | ၂၃။ | "ရုပ်ရှင်ပဟေဠိ" |
| | ၂၄။ | အစီအစဉ်ပြီး၏။ |










## ဆန္ဒမဲပေးမှု သရုပ်ပြ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဥပစာရှိ မြက်ခင်းပြင်၌ ဆန္ဒမဲပေးမှု သရုပ်ပြကြစဉ်။
(သတင်းစဉ်)







## မကွေးဥပစာကောလိပ် အာစရိယ ပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၁၈**

မကွေးဥပစာကောလိပ် ၁၉၅၈-၆၃ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၈ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံ ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက် ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။
(ကြေးမုံ)

## ညောင်ဦးမြို့နယ်နှင့် တံတားဦးမြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများရှိခဲ့

**နေပြည်တော် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ တံတားဦးမြို့နယ်တို့၌ အောက်တိုဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ဆည်ကျေးရွာ၊ လက်ဝဲကျေးရွာတို့၌ ရေကြီးနစ်မြုပ်မှုများ ရှိခဲ့ကြောင်း၊ မန္တလေး-ပုဂံ ရထားလမ်းပိုင်းနေရာအချို့တွင် ရထားလမ်း ရေတိုက်စားမှုကြောင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်ခဲ့ရကြောင်း၊ ထို့ပြင် မန္တလေး-ပုဂံရထားတစ်စင်းသည် ပုဂံ-တောင်ဇင်းရထားလမ်းပိုင်း၌ အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် လမ်းချော်ခဲ့ရာ အင်ဂျင်နီယာအဖွဲ့က ပြင်ဆင်ဆောင်ရွက်ခဲ့ရကြောင်း၊ တံတားဦးမြို့နယ်၌ ရေကြီးနစ်မြုပ်မှုအချို့ ရှိခဲ့သော်လည်း လူ၊ လူနေအိမ်နှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။
(သတင်းစဉ်)

## မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း မိတ်ဆုံစားပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း၏ သတ္တမအကြိမ်မြောက် မိတ်ဆုံစားပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ကပ္ပတိန်ဦးမင်းစိန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရေကြောင်းရှေ့ဆောင်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအား အသင်းက ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

## ကေတုမတီ တောင်ငူမြို့ နှစ်(၅၀၀)ပြည့် အထိမ်းအမှတ် ဖိတ်ခေါ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

ကေတုမတီ တောင်ငူမြို့ နှစ်(၅၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို နိုဝင်ဘာလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး နှစ်(၅၀၀)ပြည့် အထိမ်းအမှတ် ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲကိုလည်း မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနှင့် ပူးပေါင်းကျင်းပမည်ဖြစ်သည်။ ဓာတ်ပုံပြိုင်ပွဲကို တင့်တယ်ဂုဏ်ရည်ကေတုမတီ ဝေစည်ပြည့်ဝ နှစ်(၅၀၀)တောင်ငူအလှအမည်ဖြင့် ကျင်းပမည်ဖြစ်ရာ ကေတုမတီ တောင်ငူမြို့၏ အထင်ကရ မြင်ကွင်းများ၊ သမိုင်းဝင် အထိမ်းအမှတ်နေရာများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပသော မြင်ကွင်းများကို ရိုက်ကူးယှဉ်ပြိုင်ကြရမည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၀" × ၁၅" အရွယ် ဓာတ်ပုံ ၁၀ ပုံအထိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို နိုဝင်ဘာ ၁၀ ရက် နောက်ဆုံးထား၍ ပေးပို့ ရမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဓာတ်ပုံအသင်း ဖုန်း-၃၇၃၁၆၇ နှင့် ဖော်ယူ ဓာတ်ပုံတိုက် တောင်ငူ ဖုန်း-၀၉-၅၃၅၀၉၀၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။
(ကြေးမုံ)

## အထက(၂) စစ်ကိုင်း ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၁၀ ခုနှစ်တွင် နှစ်(၉၀) ပြည့်သည့် စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (နေရှင်နယ်ကျောင်း) (၁၇) ကြိမ်မြောက် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲ ကျင်းပရေးကော်မတီ ဝင်များ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃ ရက်တွင် အဆိုပါကျောင်း စာကြည့်တိုက်၌ ကျင်းပသည်။

အစည်းအဝေးတွင် လွတ်လပ်ရေးအကြို နေရှင်နယ်ကျောင်းခေတ်မှ အသက်(၉၀)ကျော် ဆရာကြီးတစ်ဦး အပါအဝင် ဆရာကြီး၊ ဆရာမကြီး ၉၄ ဦးတို့အား ပူဇော်ကြမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများထံသို့ ဖိတ်ကြားလွှာများ ပေးပို့လျက်ရှိပြီး နေရှင်နယ်ကျောင်းခေတ်မှ ကျောင်းသား၊ ကျောင်းသူဟောင်းကြီးများအပါအဝင် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အလှူခံအဖွဲ့များသို့လည်းကောင်း၊ အထက (၂) ကျောင်းအုပ်ကြီး ဖုန်း-၀၇၂-၂၁၀၉၀ နှင့် ဒေါ်သန်းသန်းမြင့် အတုလဝတီ ဖုန်း-၀၇၂-၂၁၄၃၂ တို့သို့ လည်းကောင်း အလှူငွေများ ပေးပို့လှူဒါန်းကြပါရန် နှိုးဆော်ထားကြောင်း သိရှိရသည်။
(သတင်းစဉ်)

## ဥတုရာသီ တောကိုမှီ၏

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပညာရည်ချွန်ဆုပေးပွဲနှင့် အားကစားသမားများ ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော်  အောက်တိုဘာ  ၁၈

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ၂၀၀၉-၂၀၁၀ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲနှင့် ပြည်တွင်းပြည်ပ အားကစားပွဲများ၌ အောင်နိုင်ဆုရအားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဆိုသည့် ဦးတည်ချက် တစ်ချက်သည် အပါအဝင်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် မိမိတို့၏ မိသားစုများ၊ ဝန်ထမ်းများ၏ ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုစေသည့် အားကစားကဏ္ဍ၊ ထူးချွန်သည့် ပညာတတ်လူငယ်များ တိုးပွားလာအောင် ပညာရေးကဏ္ဍတို့ကို အားပေး ဖြည့်ဆည်းပေးလျက်ရှိရာ ဝန်ထမ်းများ ကာယစွမ်းအား၊ ဉာဏစွမ်းအား ထက်မြက်သူများ ပိုမိုပေါ်ထွန်းလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးဌေးဦးက ၂၀၀၉-၂၀၁၀ ခုနှစ် ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရသည့် မသီရိဝေဝေ၊ မဆုလဲ့နိုင်၊ မောင်မိုးဇော်ဦး၊ မနှင်းဦးလွင်၊ မအိရွှေစင်မြင့်နှင့် ငါးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသည့် မအိစန္ဒီကျော်၊ မခန့်ပြည့်စုံ၊ မမေငုံဖူး၊ မရွှန်းလဲ့ရည်ဗိုလ်၊ မအိအိမွန်၊ မခင်မျိုးသက်နှင့် မနှင်းလဲ့ရည်ထွန်းတို့အား ဆုများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများက ငါးဘာသာ၊ လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးရရှိကြသည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ပြည်နယ်နှင့် တိုင်းများမှ ဌာနကိုယ်စားလှယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ရှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၁၆ ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၃၂ ဦးနှင့် သုံးဘာသာဂုဏ်ထူးရရှိသူ ၃၉ ဦး စုစုပေါင်း ၉၅ ဦး ရရှိကြကြောင်း သိရှိရသည်။

ထို့နောက် ၂၀၁၀ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၃၀ ရက် အတွင်း ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများ၌ ဆုရရှိခဲ့ကြသော တံခွန်စိုက်ဒိုင်းဆုများကို အားကစားတာဝန်ခံများက ဝန်ကြီးထံ ပေးအပ်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက အားကစားဆုရရှိကြသူများ၊ အားကစားနည်းပြများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။ ဝန်ကြီးဌာနအနေဖြင့် ပြည်ပအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် ၁၀ ခုရရှိခဲ့ပြီး ပြည်တွင်းအားကစားပြိုင်ပွဲများတွင် အားကစားနည်း ၁၅ မျိုး၌ စံချိန် ၁၃ ခု ချိုးနိုင်ကာ ရွှေတံဆိပ် ၂၃၈ ခု၊ ငွေတံဆိပ် ၁၃၄ ခု၊ ကြေးတံဆိပ် ၁၂၂ ခု ဆုတံဆိပ်ပေါင်း ၅၂၆ ခုရရှိခဲ့ကြောင်း သိရှိရသည်။

ငင်းနောက် ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ဆုချီးမြှင့်ခံရသော အားကစားမောင်မယ်များ ကိုယ်စားပြုသူများက ကျေးဇူးတင်စကား ပြောကြားပြီး ဂုဏ်ပြုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

# TOYO Battery ၏ ရောင်းအားအကောင်းဆုံး ဆုပေးပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံသားပိုင် ISO 9001: 2008 (QMS) လက်မှတ်ရ Proven Technology Industry Co., Ltd. (TOYO Battery) ၏ အရောင်းကိုယ်စားလှယ်များအား ဆုပေးပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို အောက်တိုဘာ ၁၆ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးအတွင်းရှိ Western Park Royal Restaurant ၌ ကျင်းပသည်။

အစီအစဉ်အရ Proven Technology Industry Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအုန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ယာဉ်စက်သုံး TOYO Battery နှင့် အီတလီနည်းပညာဖြင့် အသစ်ထပ်မံထုတ်လုပ်သည့် Tubular(ကျူပလာ)ဘက်ထရီ၊ အသစ်ဖြန့်ချိလျက်ရှိသော အနီရောင်ခြင်္သေ့တံဆိပ်ပါ Lion မော်တော်ဆိုင်ကယ် အိုးခြောက်ဘက်ထရီများ၏ အရည်အသွေး အားသာချက်များ၊ ဈေးနှုန်းသင့်တင့် မျှတမှုနှင့် မြန်မာနိုင်ငံရာသီဥတုနှင့် ကိုက်ညီပြီး သုံးစွဲရန် အထူးသင့်လျော်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး TOYO Battery အများဆုံးရောင်းချနိုင်သော အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ရာ Chief Operating Officer ဦးသန်းထိုက်လွင်နှင့် ဒါရိုက်တာ အဖွဲ့ဝင်များက ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း TOYO Battery အများဆုံး ရောင်းချနိုင်သော အရောင်းကိုယ်စားလှယ် ၁၉ ဦးတို့အား တစ်ဦးချင်းစီ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။




**Proven Technology Co., Ltd. [TOYO Battery] မန်နေဂျင်းဒါရိုက်တာ ဦးအုန်းလွင် မြန်မာတစ်နိုင်ငံလုံး ရောင်းအားအကောင်းဆုံး ပထမဆု အဆင့်(၂) ရရှိသော အေဝမ်းဘက်ထရီရောင်းဝယ်ရေး (ရန်ကုန်)အား ဂုဏ်ပြုဆုပေးအပ်စဉ်။** (သတင်းစဉ်)

TOYO Battery ကို မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီက မြန်မာနိုင်ငံရှေ့ပြည်သာစက်မှုဇုန်တွင် စက်ရုံတည်ဆောက်ကာ ၁၉၉၆ ခုနှစ်မှ စတင်ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

ပြည်တွင်း၌ ခေတ်မီစက်များဖြင့် ထုတ်လုပ်ထားပြီး ဈေးနှုန်းမှာ သင့်တင့်၍ အရည်အသွေးပေါ်တွင် အာမခံကာ ကုမ္ပဏီ၏ Service Center များတွင် လစဉ်အခမဲ့ စစ်ဆေးနိုင်ခွင့်ရှိခြင်းနှင့် အခြားဝန်ဆောင်မှုများ အနေဖြင့် ဘက်ထရီငါးလုံးနှင့်အထက် ဝယ်ယူထားသည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများသို့ တိုယိုဘက်ထရီ၏ Service Team မှ ရန်ကုန်နှင့် မန္တလေးစည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မည်သည့်မြို့နယ်တွင်မဆို အခမဲ့ လာရောက်စစ်ဆေးမှုများ ပုံမှန်ပြုလုပ်ပေးလျက်ရှိသည်။

ယခုအခါ လက်ရှိထုတ်လုပ်နေသော ယာဉ်စက်သုံး ဘက်ထရီများအပြင် ဘက်ထရီသက်တမ်းသုံးနှစ်မှ ငါးနှစ်အထိ ခံနိုင်ပြီး Heavy Duty သုံး စက်ယန္တရားများနှင့် Industry Stand By အနေဖြင့် သော်လည်းကောင်း၊ ဆိုလာပြားများနှင့် တွဲ၍ ပြန်ပြည့်မြဲစွမ်းအင်အဖြစ်သော်လည်းကောင်း သုံးရန် အထူးသင့်လျော်သည့် Tubular (ကျူပလာ) ဘက်ထရီကို အီတလီနည်းပညာနှင့်ထုတ်လုပ်ပြီး ၂၀၀၉ နိုဝင်ဘာမှစ၍ ဈေးကွက်သို့ ရောင်းချပေးနေပြီဖြစ်သည်။ အသုံးပြုလိုသည့် အမ်ပီယာနှင့် အချိန်ပေါ်မူတည်ပြီး သင့်လျော်သော ဘက်ထရီဆိုဒ်နှင့်တွဲဖက် အသုံးပြုနိုင်မည့် ဆက်စပ်ပစ္စည်းများကို ကိုက်ညီမှုရှိစေရန် တွက်ချက်ပေးသည့် ဝန်ဆောင်မှုကို ဆောင်ရွက်ပေးလျက်ရှိသည်။

TOYO Battery ကို ရန်ကုန်မြို့တွင် F/ S14 ရွှေစံပယ်ရိပ်မွန် ရေကြောင်းသိပ္ပံရှေ့ ကမာရွတ်မြို့နယ် ဖုန်း-၇၀၁၇၁၉၊ ၇၀၁၇၂၀၊ ၅၂၇၆၆၇၊ ၅၃၀၆၉၄ နှင့် မန္တလေးမြို့တွင် အမှတ် (၃၇၁) (၈၁)လမ်း (၂၉)လမ်းနှင့် လမ်း(၃၀)ကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၇၂၇၆၁ နှင့် ၀၂-၂၁၈၈၄ တို့မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိလျက်ရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၉-၁၀-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၂၈)
- ၅:၅၀ ၁၁။ ဘယ်လိုမဲပေးကြမှာလဲ
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၃၀ ၁၅။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၁၇)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ မွေးမြူသုတ
- ၂၃။ ဟာသရုပ်စုံပြိုင်ပွဲ -ချစ်လူလူ၊ စိစိအဖွဲ့နှင့် စတားကောင်းထက်အဖွဲ့ (ဒါရိုက်တာဖုန်းမြင့်အောင်)
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၂၆)**
- ၂၆။ **Mini Series**
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

# မြစ်ကြီးနားအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို အောက်တိုဘာ ၃၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်းမှောရုံ၌ ကျင်းပမည် ဖြစ်သည်။

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းသားများ၏ သားသမီးများ စာရင်းကို အောက်တိုဘာ ၂၀ ရက် နောက်ဆုံးထား၍ ဦးညိုဝင်း(ဥက္ကဋ္ဌ) ဖုန်း-၆၅၂၁၇၁၊ ဦးကေအောင်စိုး(ဦးတင်အေး) ၂၄၀၅၆၂၊ ဒေါ်တင်တင်ညွန့် ဖုန်း-၅၅၅၅၂၉၊ ဒေါက်တာ အေးအေးစူး ဖုန်း-၂၄၀၅၃၂၊ ဒေါ်နုနုဝင်း ဖုန်း-၀၉-၈၀၃၀၂၁၇၊ ဒေါ်ဆွေဆွေကြည် ဖုန်း-၅၁၉ ၅၂၉ ဦးမြင့်ဝင်း ဖုန်း-၅၃၈၀၄၇၊ ဦးအုန်းရွှေ ဖုန်း-၆၈၀၇၁၉၊ ၆၈၀၇၆၃၊ ဦးခင်မောင်ကျော်-၈၅၅၇၂၇၊ ကေဂျာနူး ဖုန်း-၅၆၆ ၉၄၀နှင့် ဒေါ်ညိုမာသွယ် ဖုန်း-၀၉၅၀၂ ၁၈၁၅ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပိန်းဇလုပ်ဈေး မြောင်းရိုး ကာရံခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကွင်းဆင်းကြီးကြပ်စဉ်။** (သတင်းစဉ်)



**ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်ဆိုင်းဘုတ်အနီး မြေယာရှုခင်းအလှပြုပြင်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးမြင့် ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

စာအုပ်စာပေ လှူမိတ်ဆွေ

# ဘောလုံးရသ အပြည့်အဝပေးမည့် ရီးယဲလ်-အေစီ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃) ပထမနေ့ပွဲစဉ်များ

**ချန်ပီယံလိဂ် အုပ်စုပွဲစဉ် (၃) ပထမနေ့ပွဲစဉ်များကို အင်္ဂါနေ့ ည ၁၁ နာရီနဲ့ ဗုဒ္ဓဟူးနေ့ နံနက် ၁း၁၅ နာရီတို့မှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ် (၃) မှာ စပိန်ထိပ်သီး ရီးယဲလ်မက်ဒရစ်နဲ့ အီတလီထိပ်သီး အေစီမီလန်တို့ ထိပ်တိုက်တွေ့ဆုံမှုက ဘောလုံးရသ အပြည့်အဝပေးပြီး ပြိုင်ဆိုင်မှု ပြင်းထန်လာဦးမှာပါ။**



**အေစီမီလန်တိုက်စစ်ကို ဦးဆောင်လာမည့် ပါတို။**

### အုပ်စု (E)

**ရိုးမား-ဘေဆယ်။** ။ နှစ်ပွဲကစားအပြီးမှာ ရိုးမားက သုံးမှတ်နဲ့ ဘေဆယ်ကတော့ အမှတ်မရသေးပါဘူး။ ရိုးမားဟာ ဘိုင်ယန်မြူးနစ်နဲ့အပြိုင် အုပ်စုဗိုလ်ရရေးကြိုးစားရမှာပါ။ ဒါကြောင့် အိမ်ကွင်းပွဲတွေကို ရိုးမား အသေအချာပြင်ဆင်ပြီး ကစားလာမှာပါ။ အီတလီစီးရီးအေမှာ ရိုးမားရုန်းကန်နေရပေမယ့် ဆွစ်ဇာလန်ကလပ် ဘေဆယ်ကိုတော့ အနိုင်ယူနိုင်စွမ်း ရှိနေဦးမှာပါ။

**ဘိုင်ယန်မြူးနစ်-ကလုချ်။** ။ ဘိုင်ယန်မြူးနစ်က ခြောက်မှတ်နဲ့ ကလုချ်ကသုံးမှတ်ရထားပါတယ်။ ဘိုင်ယန်မြူးနစ် အိမ်ကွင်း ခြေစွမ်းထက်မှုနဲ့အတူ ရိုမေးနီးယားကလပ် ကလုချ်ကို အနိုင်ယူသွားမှာပါ။

### အုပ်စု (F)

**စပါးတပ်မော်စကို-ချယ်လ်ဆီး။** ။ နှစ်သင်းလုံး ခြောက်မှတ်ရထားတာကြောင့် အုပ်စုတက်ရေးအလားအလာကောင်းနေပါတယ်။ ကစားသမားချင်းကွာဟမှုရှိနေပေမယ့် ရုရှားအသင်းတွေဟာ အိမ်ကွင်းဆို ရလဒ်ကောင်းတတ်တာကြောင့် ချယ်လ်ဆီးကို သရေခံကစားသွားဖို့ ရှိနေပါတယ်။

**မာဆေးလ်-ဇီလီနာ။** ။ နှစ်သင်းလုံး အမှတ်မရသေးတာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ် ရုန်းကန်လာဖွယ် ရှိနေပါတယ်။ နှစ်ပွဲမှာ ခုနစ်ဂိုးအထိပေးထားရတဲ့ ဇီလီနာဟာ ပြင်သစ်မြေမှာ မာဆေးလ်ကို သရေတောင် ခံကစားနိုင်ဖွယ်မရှိပါဘူး။ မာဆေးလ် အနိုင်သေချာတဲ့ပွဲပါ။

### အုပ်စု (G)

**ရီးယဲလ်မက်ဒရစ်-အေစီမီလန်။** ။ နှစ်သင်းလုံး ပြည်တွင်းပွဲတွေမှာ ရလဒ်ကောင်းပြီး အမှတ်ပေးဇယားကို ဦးဆောင်နေကြပါတယ်။ နှစ်ပွဲကစားအပြီးမှာ ရီးယဲလ်မက်ဒရစ်က ခြောက်မှတ်နဲ့ အေစီမီလန်က လေးမှတ်ရထားပါတယ်။ ဒီနှစ်သင်းမှာ အိမ်ရှင်ရီးယဲလ်မက်ဒရစ်က ကစားသမားအင်အားပိုမိုတောင့်တင်းတာကြောင့် အိမ်ရှင်ရဲ့ နိုင်ပွဲဖြစ်သွားမှာပါ။

**အိုင်းယက်စ်-အော်ဇေး။** ။ အိုင်းယက်စ်ကတစ်မှတ်နဲ့ အော်ဇေးကအမှတ်မရရှိသေးပါဘူး။ အိုင်းယက်စ်အိမ်ကွင်း ခြေစွမ်းမဆိုးလှတာကြောင့် ပြင်သစ်ကလပ်အော်ဇေးကို အနိုင်ယူဖို့ ရှိနေပါတယ်။ ဒါပေမယ့် အော်ဇေးရဲ့နောက်တန်းခံစစ်က မာကျောလှတာကြောင့် အိုင်းယက်စ်ကို အနည်းငယ်တော့ ခက်ခဲစေမှာပါ။

### အုပ်စု (H)

**အာဆင်နယ်-ရှက်တာဒိုးနက်။** ။ နှစ်သင်းလုံး ခြောက်မှတ်စီရထားတာကြောင့် အုပ်စုတက်ရေး အခြေအနေကောင်းနေပါတယ်။ အာဆင်နယ် ဒဏ်ရာရ ကစားသမားတွေများနေပေမယ့် ယူကရိန်းကလပ် ရှက်တာဒိုးနက်ကိုတော့ အနိုင်ယူနိုင်စွမ်း ရှိနေဦးမှာပါ။

**ဘရာဂါ-ပါတီဇန်။** ။ နှစ်သင်းလုံး အမှတ်မရသေးတာကြောင့် အုပ်စုက ကျော်ဖြတ်ဖို့ ခက်ခဲမှာပါ။ ဘရာဂါ



**ရီးယဲလ်မက်ဒရစ်မှ အားထားရသည့် တောင်ပံတိုက်စစ်မှူး စီရော်နယ်လ်ဒို။**

အိမ်ကွင်းဆိုပေမယ့် ခံစစ်ပိုင်းယိုယွင်းနေတာကြောင့် ပါတီဇန်တိုက်စစ်ကို ဂိုးပေးရဖို့ ရှိနေပါတယ်။ ဒါပေမယ့် ဒီပွဲဟာ ဘရာဂါရဲ့ ပေါ်တူဂီမြေဖြစ်တာကြောင့် ဆားဘီးယားကလပ် ပါတီဇန် သရေထက်ပိုမယ်မထင်ပါဘူး။

**ဝင်းတင်(ကြေးမုံ)**

# မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၈

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မာန်အောင်မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ ဒသမ ၆၀ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၂၁ လက်မ၊ ပြည်မြို့တွင် ၁ ဒသမ ၈၉ လက်မနှင့် ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၇၀ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၁၉ ရက် ညနေထိခန့်မှန်းချက်။** ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မှတ်ပုံတင်ထားသော
စိန်ဘယက်
ငန်းနီဂကျော်
ဈေးမှာ ကိုက်ခဲ တုပ်ကွေးပျောက်
စိန်ဘယက်ငန်းနီကျော်ကိုသောက်...


# "လင်းရာမ" Linyama[R] ကုန်အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်၍ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်-၃၃ နေ ဦးအောင်ဆွေ [၁၂/တမန(နိုင်)၀၇၂၂၅၈]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားနှင့်လုပ်ငန်းအမည် လျှပ်စစ်အီလက်ထရွန်နစ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ တစ်ဦးတည်းမူပိုင်ဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်အမှတ်-၄/၉၀၂/၁၉၉၉ ဖြင့်လည်းကောင်း၊ မှတ်ပုံတင်အမှတ်- ၈၄၉၅/၂၀၀၉ ဖြင့်လည်းကောင်း တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

Linyama® လင်းရာမ

ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားဖြစ်သော **"လင်းရာမ"** Linyama[R] အမည်ဖြင့် အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံ၊ လျှပ်စစ်နှင့်ပတ်သက်သော စက်ပစ္စည်းအမျိုးမျိုးများကို ၁၉၉၉ခုနှစ်ကတည်းက ယနေ့အထိ လျှပ်စစ်ပစ္စည်းဒီဇိုင်း၊ ပုံစံများကို မိမိစိတ်ကူး တီထွင်ဉာဏ်ဖြင့် လျှပ်စစ်ပစ္စည်းမျိုးစုံကို နာမည်ကျော်ကြားပြီး၊ ကောင်းမွန်သော ဂုဏ်သတင်းဖြင့် **"လင်းရာမ"** Linyama[R] လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်းမျိုးစုံကို ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးတင်ပို့ ရောင်းချလျက်ရှိပါသည်။

အဆိုပါ **"လင်းရာမ"** Linyama[R] အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံ၊ လျှပ်စစ်ပစ္စည်းဒီဇိုင်း၊ ပုံစံများနှင့် စက်ပစ္စည်းတစ်ခုလုံးကိုသော်လည်းကောင်း၊ ပုံစံတူ၊ ဒီဇိုင်းတူများကို ထုတ်လုပ်ရောင်းချဖြန့်ဖြူးခြင်းများကို လုံးဝမပြုလုပ်ကြရန် **"လင်းရာမ"** Linyama[R] အမည်ကို အသုံးချ၍သော်လည်းကောင်း၊ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားဖြစ်စေရန် အသုံးပြုခြင်း၊ ဖြန့်ဖြူးခြင်း၊ ကြော်ငြာခြင်းများနှင့်ပုံစံတူများ လုံးဝ ထုတ်လုပ်ခြင်း မပြုလုပ်ရန်နှင့် လက်ဝယ်ထားခြင်းများကို ယနေ့မှစ၍ လုံးဝ မပြုလုပ်ကြရန် သတိပေးတားမြစ်လိုက်သည်။ အကယ်၍ မလိုက်နာဘဲ ဆက်လက်ပြုလုပ် သုံးစွဲနေပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**"လင်းရာမ"** Linyama[R] အီလက်ထရွန်နစ်မှအခြားမည်သည့်အမည်နှင့် အမှတ်တံဆိပ်နှင့်မျှ နာမည်ခွဲ၍ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း လုံးဝမရှိပါကြောင်းနှင့် **"လင်းရာမ"** Linyama[R] အီလက်ထရွန်နစ် ပစ္စည်းမျိုးစုံ၊ လျှပ်စစ်ပစ္စည်းမျိုးစုံကို ပစ္စည်းမှန်၊ ဈေးမှန်ဖြင့် ဈေးကွက်အတွင်း အလွယ်တကူဝယ်ယူရရှိနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းဌေး (LL.B)**
**တရားရုံးချုပ်ရှေ့နေ (စဉ်-၆၇၅၁)**
**အမှတ်-၂၈၊ ဘယသုဒ္ဓိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၄၉၃၃၁**



# ကုန်အမှတ်တံဆိပ်အမှတ်အသား အသိပေးကြေညာခြင်းနှင့် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်(၁၅)ရပ်ကွက်၊ သီရိမွန်အိမ်ရာ၊ အမှတ်(၅၅)နေ ဦးမင်းအောင် နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အမှတ် [၁၂/ကမတ(နိုင်)၀၅၀၉၉၄]က အောက်တွင်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။



**၄/၃၆၆၄/၂၀၀၃**

အထက်ဖော်ပြပါ "Beauty Queen BATIK BY HAND MADE" ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ဖြင့် အရေအသွေးမြင့် ပါတိတ်အထည်များကို အရောင်အမျိုးမျိုး၊ အဆင်အမျိုးမျိုးတို့ဖြင့် တစ်ဦးတည်းမူပိုင်ဖြန့်ချိ ရောင်းချလျက်ရှိပြီး ယင်းပစ္စည်းများ ထည့်သွင်းအသုံးပြုသည့် စက္ကူအိတ်၊ စက္ကူဘူး၊ ကတ်ထူဘူး၊ ပလတ်စတစ်အိတ် ထုပ်ပိုးပစ္စည်းအရွယ်အစားပုံသဏ္ဌာန်အမျိုးမျိုးတို့အပေါ်တွင် ဖော်ပြပါကုန်အမှတ်တံဆိပ်ကို ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အဆိုပါ "Beauty Queen" ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့်ပါတိတ်၏ အရည်အသွေးပြည့်မီခြင်း၊ စံချိန်စံညွှန်းကောင်းမွန်ခြင်း ပိတ်သားအာမခံချက်ရှိခြင်းစသည့် ကောင်းသောဂုဏ်သတင်းတို့ကို အခွင့်ကောင်းယူပြီး သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်အောင် အရည်အသွေးမမီသောပါတိတ်များပေါ်တွင် အဆိုပါကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားတုပ၍လည်းကောင်း၊ "Beauty Queen" စာသားကိုရိုက်နှိပ် အသုံးပြု၍လည်းကောင်း ဈေးကွက်တွင်ဖြန့်ဖြူးရောင်းချနေကြောင်း တွေ့မြင်ကြားသိရပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါကုန်အမှတ်တံဆိပ်ကို တုပပြုလုပ်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့်သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တစ်နည်းနည်းဖြင့် တုပပြုလုပ်၍ အဆိုပါကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့်ကုန်ပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူးမှာယူတင်သွင်းရောင်းချခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိခြင်းများမပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ အကယ်၍လိုက်နာခြင်း မရှိခဲ့ပါလျှင် တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာသွယ်(စဉ်-၆၆၈၈)တရားရုံးချုပ်ရှေ့နေ**
**အခန်း(၁၄-က) ဒုတိယထပ်၊ အမှတ်(၈၃)ပန်းဆိုးတန်း၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၇၇၂၇၆၊ ၀၉-၅၀၂၁၈၁၅**


# မြို့ပြအင်ဂျင်နီယာ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

၁၉၈၁-၁၉၈၅ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၅)နှစ်မြောက် ငွေရတုအာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၀ ရက် (စနေနေ့) ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Park Royal Hotel၌ ကျင်းပမည် ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကိုစောထွေးဇော် (ရန်ကုန်) ဖုန်း-၀၁-၆၆၂၁၀၀၊ ၀၉-၅၀၀၉၃၅၆၊ ကိုခင်မောင်လွင် (ရန်ကုန်) ဖုန်း-၀၉-၅၁၂၀၉၃၀၊ ကိုသိန်းမင်း(ရန်ကုန်) ဖုန်း-၀၉-၅၀၃၀၄၄၅၊ ကိုကျော်မင်း(ရန်ကုန်) ဖုန်း-၀၉-၅၀၁၇၆၇၈၊ မမီမီချမ်း (ရန်ကုန်) ဖုန်း-၀၁-၅၆၄၁၆၇၊ ၀၉-၈၆၁၈၁၇၅၊ မသက်သက်မွန် (ရန်ကုန်) ဖုန်း-၀၉-၅၀၀ ၈၆၂၂၊ ကိုမျိုးဝင်း (နေပြည်တော်) ဖုန်း-၀၉-၈၆၁၈၁၈၄၊ မခင်စန်းသွင် (နေပြည်တော်) ဖုန်း-၀၆၇-၄၀၇ ၄၇၅၊ ကိုဝင်းဦး (မန္တလေး) ဖုန်း-၀၉-၂၀၀၄၇၈၇၊ ကိုမိုးအောင် (ပြင်ဦးလွင်) ဖုန်း-၀၉-၂၀၄၄၂၂၂ နှင့် ကိုဝင်းမော်ဌေး (မကွေး) ဖုန်း-၀၉-၅၃၄၁၀၇၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။








ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီးနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်နှင့် မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဥပစာရှိ မြက်ခင်းပြင်၌ ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာကြစဉ်။

(အပေါ်ပုံနှင့် ယာပုံ)

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး